# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

**အတွဲ(၃) အမှတ် (၄)** **၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်**


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS) တွင်ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၄ |
| ၂။ | လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများမှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၅-၆ |
| ၃။ | တရားခံပြေးအမှုများတွင် သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်း။ | ၇-၈ |
| ၄။ | ကိုယ်ဝန်ဖျက်ခြင်းအားတားမြစ်သည့်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ဇင်ဘာဘွေတရားရုံးချုပ်က ဆုံးဖြတ်ခြင်း။ | ၉-၁၀ |
| ၅။ | နည်းပညာခေတ်တွင် မျှတသောတရားစီရင်ရေးဆိုင်ရာအခွင့်အရေးများကို ကာကွယ်ရန် တရားစွဲဆိုခြင်းကိုကိရိယာတစ်ခုအဖြစ် အသုံးချခြင်း။ | ၁၁-၁၃ |
| ၆။ | ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေတွင် ပြန်လည် ပြင်ဆင်ထားသော ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများထည့်သွင်းခြင်းကို ဥရောပကော်မရှင်မှ ကြိုဆိုခြင်း။ | ၁၄-၁၅ |
| ၇။ | ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း (Trademark Registration )လုပ်ငန်းစဉ်အကြောင်း သိကောင်းစရာများ။ | ၁၆-၁၈ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂/၂၀၂၅ဖြင့် ထုတ်ပြန်သည့်တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှထုတ်ပြန်သည့် အာမခံစာရင်းဆိုင်ရာညွှန်ကြားချက်အမှတ် (၁/၂၀၂၄)နှင့် ကြွေးမြီပေးဆပ်နိုင်စွမ်းညွှန်ကြားချက်အမှတ် (၂/၂၀၂၄ )တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော ငွေကြေး၊ နည်းပညာနှင့်မျိုးကောင်းမျိုးသန့် ထောက်ပံ့ပေးရန်၊ မွေးမြူရေးမြေ၊ မွေးမြူရေးခြံအဖြစ် စနစ်တကျလုပ်ကိုင်နိုင်စေရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးရန်စသည့်ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ပြဋ္ဌာန်းချက်များတွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းတည်ထောင်ခြင်းဝန်ဆောင်မှုလုပ်ငန်းအတွက် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ သားသတ်ရုံလုပ်ငန်းနှင့် သားသတ်ခြင်းလုပ်ငန်းများအတွက် ခွင့်ပြုလက်မှတ်သက်တမ်းတိုးခြင်းများနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေများနှင့်လိုက်လျောညီထွေမှုရှိစေသောအချက်များဖြင့် ဥပဒေကိုပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၂ ရှိ မွေးမြူရေးလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်းနှင့် ထောက်ခံချက်လက်မှတ်ဆိုသည့်စကားရပ်များကို အစားထိုး

ပြင်ဆင်၍ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းဆိုသည့်စကားရပ်များကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရပါသည်။

တိရစ္ဆာန်များအား စုဆောင်းမွေးမြူခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းဖွင့်လှစ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူ ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် တိရစ္ဆာန်စောင့်ကြည့်စစ်ဆေးရေးစခန်းလုပ်ကိုင်ခွင့်ရရန်အတွက် မြို့နယ်ဦးစီးဌာနမှူးထံ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုလက်မှတ်လျှောက်ထားရမည်ဖြစ်ကြောင်း ဖြည့်စွက် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

တိရစ္ဆာန်၊ မွေးမြူရေးခြံလုပ်ငန်း၊ မျိုးခြံလုပ်ငန်း၊ ဥဖောက်စက်လုပ်ငန်း၊ ပျားမွေးမြူရေးလုပ်ငန်းများ သို့မဟုတ် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း ၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်း၊ သားသတ်ရုံလုပ်ငန်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့်ပုဂ္ဂလိကအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာပစ္စည်းအမျိုးအစားနှင့်လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ခွင့်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်ဖြစ်ကြောင်းကိုလည်း ဖြည့်စွက် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် အများပြည်သူအကျိုးငှာ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခွန်ကင်းလွတ်ခွင့်ပြုနိုင်ကြောင်းပြဋ္ဌာန်းချက်ကို ပုဒ်မ ၅၃-က အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်မှာ ထူးခြားသည့်အချက်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဤဥပဒေဖြင့်ရုပ်သိမ်းသော တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်ကြောင်း ပုဒ်မ ၅၅-က အဖြစ် ဖြည့်စွက် ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများ၊ ဥပဒေလေ့လာလိုသူများအနေဖြင့် တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို MLIS Website တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများမှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့် သတင်းစဉ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၁၆၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၅၆/၂၀၂၅ ဖြင့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် စံပြုလိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာအရ မှတ်ပုံတင်အရာရှိက လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၊ လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေများတို့နှင့်အညီ စနစ်တကျ ထိရောက်စွာဆောင်ရွက်နိုင်စေရေးအတွက်ရည်ရွယ်၍ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် လျှောက်ထားသူသည် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်ဖြင့် လျှောက်ထားခြင်း၊ မှတ်ပုံတင်အရာရှိက လျှောက်ထားလွှာကို စိစစ်ခြင်း၊ လျှောက်ထားလွှာပါပြင်ဆင်ရန်ရှိသည်များကို ပြန်လည်ပြင်ဆင်တင်ပြခြင်း၊ ပြည့်စုံမှန်ကန်ပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးကော်မတီအဖွဲ့ဝင်များ၏ အတည်ပြုချက်ရယူခြင်း၊ အတည်ပြုထားသည့်လျှောက်ထားသူကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခွင့်ပြုရန် အမှုဆောင်ကော်မတီမှတစ်ဆင့် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ရယူပြီး အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် အတည်ပြု၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းများ ပါဝင်ပါသည်။

ထို့ပြင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်၏သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှတစ်နှစ်ဖြစ်ပြီး သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ တစ်လအလိုတွင် သတ်မှတ်အခကြေးငွေပေးသွင်း၍တင်ပြလာပါက သက်တမ်းတိုးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် အခကြေးငွေများပေးသွင်းရာတွင် အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်မှတစ်ဆင့် MPU Card၊ Master Card၊

Visa Card များကို အသုံးပြု၍ပေးသွင်းရမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်ရှိ မှတ်ပုံတင်အရာရှိ၏ အကောင့်တွင် ရယူထားရမည်ဖြစ်ကြောင်းတို့ပါရှိပါသည်။

ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်းအားဖြင့် လူမွဲခံယူခြင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ထိရောက်လွယ်ကူသော စနစ်တစ်ရပ်ရရှိစေရန်နှင့် ယင်းစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် ကျွမ်းကျင်သော လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ပေါ်ပေါက်လာစေရန် အထောက်အကူပြုစေရေးတို့အတွက် ထုတ်ပြန်ခြင်းဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းမြစ် : ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## တရားခံပြေးအမှုများတွင် သက်သေခံပစ္စည်းစီမံခန့်ခွဲခြင်း

ပြစ်မှုကျူးလွန်ပြီးနောက် တရားခံများသည်ထွက်ပြေးတိမ်းရှောင်တတ်ကြသဖြင့် တရားရုံးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုကို ရာဇဝတ်ဆိုင်ရာအထွေထွေမှုဖွင့်လှစ်၍ အရေးယူဆောင်ရွက်ရပါကြောင်း၊ တရားခံပြေးအမှုတွင် တရားခံ၏မျက်ကွယ်၌ သက်သေခံချက်ရယူခြင်းမှာ စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုမဟုတ်ဘဲ တရားစီရင်ရေးဆိုင်ရာမှုခင်းတစ်ရပ် (Judicial Proceeding)သာဖြစ်ပါကြောင်း၊ တရားခံမျက်ကွယ်တွင် အမှုစစ်ဆေးစီရင်ပြီး တရားခံအား ပြစ်မှုထင်ရှားစီရင်နိုင်သည့်အခွင့်အာဏာ မရှိပါကြောင်း၊ အမှုစစ်ဆေးပြီး၍ တရားရုံးရှေ့သို့တင်ပို့ထားသောသက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲခွင့်မရှိပါ။ သို့သော် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ တရားရုံးက သင့်သည်ထင်မြင်သည့်အမိန့်ချမှတ်ခွင့်ရှိပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃(၁) တွင် "ပုဒ်မ ၅၁ အရ ရယူသည့်ပစ္စည်းကိုဖြစ်စေ၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း အဆိုရှိသောပစ္စည်းကိုဖြစ်စေ၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း သင်္ကာမကင်းသည့်ပစ္စည်းကိုဖြစ်စေ၊ တွေ့ရှိရသည့်အခြေအနေကို ထောက်ရှု၍ ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ကြောင်း သင်္ကာမကင်းသည့်ပစ္စည်းကိုဖြစ်စေ၊ မည်သည့်ရဲအရာရှိကမဆို သိမ်းဆည်းသည့်အကြောင်းကို ရာဇဝတ်တရားသူကြီးတစ်ဦးထံ ချက်ချင်း အစီရင်ခံရမည်။ ၎င်းရာဇဝတ်တရားသူကြီးကလည်း အဆိုပါပစ္စည်းကိုစီမံခန့်ခွဲရန်အကြောင်း သို့မဟုတ် ပစ္စည်းလက်ရှိထားခွင့်ရှိသူသို့ပေးအပ်ရန်အကြောင်းနှင့်စပ်လျဉ်း၍ သင့်လျော်သည်ထင်မြင်သည့်အမိန့်ကို မိမိချမှတ်ရမည် သို့မဟုတ် အဆိုပါသူအား စိစစ်ရှာဖွေနိုင်ခြင်းမရှိလျှင် အဆိုပါပစ္စည်းကို ထိန်းသိမ်းထားရန်နှင့် တင်ပြရန်အကြောင်းများနှင့်စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်သောအမှုသည် ပုဒ်မ ၅၁၇ တွင် ရည်ညွှန်းသော စုံစမ်းမှု သို့မဟုတ် စစ်ဆေးမှုမဟုတ်သဖြင့် သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ ယင်းပုဒ်မအရ စီမံခန့်ခွဲခွင့်မရှိပေ။ သို့သော် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ တရားရုံးက သင့်သည်

ထင်မြင်သည့်အမိန့်ချမှတ်ခွင့်ရှိကြောင်း၊ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အပြီးအပြတ်စီမံခန့်ခွဲခြင်း ပြုရန်မသင့်ပါကြောင်း ဦးဇော်ညီညီထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ်၊ မတစ ၊ စာ- ၃၈ တွင် လမ်းညွှန်ထုံးဖွဲ့ထားပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ တွင် "တရားရုံးသည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်း အဖြစ်သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီစီမံခန့်ခွဲခြင်းပြုသည့်အမိန့်ချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါပြစ်မှုကိုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် အရေးယူဆောင်ရွက်သောအမှုတွင် တရားစွဲအဖွဲ့အစည်းသည် ရှာဖွေပုံစံဖြင့်သက်သေခံပစ္စည်းများကိုသိမ်းဆည်းပြီး တရားရုံးရှေ့သို့တင်ပြထားကြောင်း၊ တရားခံပြေး အမှုများ၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ စီမံခန့်ခွဲခွင့်ဆိုရာတွင် တရားရုံးအနေဖြင့် သင့်သည် ထင်မြင်သည့်အမိန့်ကိုချမှတ်နိုင်သည်ဖြစ်သော်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူ ဆောင်ရွက်သောအမှုတွင် တရားခံမှာထွက်ပြေးတိမ်းရှောင်နေသဖြင့် ၎င်း၏မျက်ကွယ်တွင် စုံစမ်း ဆောင်ရွက်မှုသာရှိပြီး အမှုဆုံးခန်းတိုင်မှုမရှိသေးသဖြင့် တရားခံအပေါ် ပြစ်မှုထင်ရှားစီရင်မှုမရှိသေး သည့်အခြေအနေတွင် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန် ချမှတ်သော အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်သောကြောင့် ဘဏ္ဍာသိမ်းသည့်အမိန့်ကို ပယ်ဖျက်၍ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးက လုံခြုံစွာဆက်လက်ထိန်းသိမ်းထားစေရန် ပြင်ဆင် အမိန့်ချမှတ်၍ ဆုံးဖြတ်ထားကြောင်း သိရှိရပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်: ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ၂၀၂၄ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၆၉(ခ)

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၄) ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်

## ကိုယ်ဝန်ဖျက်ခြင်းအား တားမြစ်သည့်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ဇင်ဘာဘွေတရားရုံးချုပ်က ဆုံးဖြတ်ခြင်း

ဇင်ဘာဘွေနိုင်ငံတွင် အတည်ဖြစ်လျက်ရှိသောကိုယ်ဝန်ဖျက်ခြင်းအားတားမြစ်သည့်ဥပဒေသည် မုဒိမ်းကျင့်ခံရသူ အိမ်ထောင်သည်အမျိုးသမီးများနှင့် အသက် ၁၈ နှစ်အောက်မိန်းကလေးများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးကို ချိုးဖောက်ရာရောက်ကြောင်း ဇင်ဘာဘွေတရားရုံးချုပ်က အမိန့်ချမှတ်လိုက်သည်။

ဇင်ဘာဘွေနိုင်ငံ၏ Termination of Pregnancy Act(1977)သည် ကိုယ်ဝန်ဖျက်ချခြင်းအား သတ်မှတ်ထားသောအခြေအနေများအတွင်း အကန့်အသတ်ဖြင့်သာခွင့်ပြုခြင်းဖြင့် မိခင်များ၏ အသက်အန္တရာယ်အား ခြိမ်းခြောက်မှုဖြစ်စေသည့်အပြင် သွေးသားရင်းခြာများ၏အစမ္မပြုမှုကဲ့သို့သော ဆိုးရွားသောမှုမမှန်မှုများကိုလည်းဖြစ်စေကြောင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခံရသော အိမ်ထောင်သည် အမျိုးသမီးများနှင့်အသက်မပြည့်သေးသည့်မိန်းကလေးများအား ကိုယ်ဝန်ဖျက်ချခွင့်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များမပါရှိခြင်းကြောင့် အဆိုပါဥပဒေသည် မီးဖွားခြင်းဆိုင်ရာ ကျန်းမာရေးလိုအပ်မှု အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ထိရောက်စွာဖြေရှင်းစေနိုင်ခြင်းမရှိဟု ဝေဖန်မှုများ ရှိနေကြောင်း တွေ့ရှိရပါသည်။

ကျားမတန်းတူညီမျှမှုနှင့် ဥပဒေမူဘောင်ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေသော ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်သည့်တောင်အာဖရိကအမျိုးသမီးများနှင့် ဥပဒေဆိုင်ရာယုံကြည်မှု (WLSA) အဖွဲ့က ယခုအမှုအားဦးဆောင်ခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါလူ့ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု နှင့်ကျန်းမာရေးဆိုင်ရာအာမခံချက်စသည့် လူ့အခွင့်အရေးစံနှုန်းနှင့်ကွဲလွဲမှုအပေါ် ဥပဒေအားပြန်လည် ချိန်ညှိသင့်ကြောင်း အဆိုပြုခဲ့သည်။

တရားရုံးချုပ်က ယင်းသို့ဥပဒေအရ မညီမျှမှုသည် ဇင်ဘာဘွေနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချို့သောပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုမရှိကြောင်း၊ ပြဋ္ဌာန်းဥပဒေတစ်ရပ်သည် နိုင်ငံသူ/သားများ အားလုံးအပေါ်ခွဲခြားမှုမရှိဘဲ တစ်ပြေးညီကာကွယ်ပေးခြင်းသာဖြစ်သင့်ကြောင်းနှင့် ဥပဒေတစ်ရပ်သည်

ထိခိုက်ခံစားရသူများအတွက် တရားမျှတမှုအမှန်တကယ်ရရှိစေရေးအတွက် တရားစီရင်ရေးဆိုင်ရာကဏ္ဍသည်အရေးပါကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.jurist.org/2024/12/Zimbabwe High Court rules law prohibiting abortion unconstitutional

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၄)　　၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်

## နည်းပညာခေတ်တွင် မျှတသောတရားစီရင်ရေးဆိုင်ရာအခွင့်အရေးများကို ကာကွယ်ရန် တရားစွဲဆိုခြင်းကို ကိရိယာတစ်ခုအဖြစ် အသုံးချခြင်း

နည်းပညာအသစ်များကို အများသူငှာကိစ္စရပ်များဆုံးဖြတ်ချက်ချရာတွင် ပိုမိုအသုံးပြုလာကြသည်နှင့်အမျှ မျှတသောတရားစီရင်ရေးဆိုင်ရာအခွင့်အရေးများရရှိစေရေးအတွက် တရားစီရင်ရေးသည် အရေးကြီးပါသည်။ တရားမျှတရေးစည်းကမ်းများနှင့်စပ်လျဉ်း၍ ခိုလှုံခွင့်တောင်းခံသူများနှင့် ဒုက္ခသည်များအတွက် စီမံကိန်း AFAR ကို ဂျာမဏီနိုင်ငံရှိ ပုဂ္ဂလိကတက္ကသိုလ်ဖြစ်သော Hertie School က တရားစီရင်ရေးဆိုင်ရာနည်းပညာအချက်အလက်များကို ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

နည်းပညာအသစ်များကို လူတစ်ဦးချင်းစီက စမ်းသပ်အသုံးပြုနေကြပြီး အခြေခံအခွင့်အရေးများနှင့်စပ်လျဉ်း၍ အရေးကြီးသောဥပဒေရေးရာပြဿနာများကို ဖော်ထုတ်လျက်ရှိပါသည်။ ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးတွင် ဉာဏ်ရည်တုနည်းပညာ(AI)နှင့်အလိုအလျောက်စနစ်များကို ရာဇဝတ်မှုများစုံစမ်းစစ်ဆေးရန်နှင့် တရားစွဲခြင်းများတွင် ပိုမိုအသုံးပြုလာကြပါသည်။ ယင်းစနစ်များတွင် အန္တရာယ်အကဲဖြတ်ခြင်း၊ ဇီဝသက်တမ်းဖော်ထုတ်ခြင်း၊ လိမ်လည်မှုများရှာဖွေဖော်ထုတ်ခြင်း၊ အလိုအလျောက်ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ရာဇဝတ်မှုဆိုင်ရာအထောက်အထားများ၏ ယုံကြည်စိတ်ချရမှုကို အကဲဖြတ်သည့်စနစ်များ (ဥပမာ ခက်ခဲနက်နဲသော အတုအယောင်ရှာဖွေကိရိယာများစသည်)တို့ ပါဝင်ပါသည်။ သို့သော် ရာဇဝတ်မှုခင်းကိစ္စရပ်များတွင် နည်းပညာအသစ်များကို မိတ်ဆက်ခြင်းသည် တရားမျှတသောတရားစီရင်ရေးဆိုင်ရာ အခွင့်အရေးများအတွက် အန္တရာယ်များကို တားဆီးပိတ်ပင်နိုင်မည်တော့ မဟုတ်ပါ။

ရာဇဝတ်မှုများတွင် သံသယရှိသူများကို ဖော်ထုတ်ခြင်းနှင့် တရားရုံးများတွင် သက်သေအထောက်အထားတင်ပြခြင်းကိစ္စတို့တွင် မျက်နှာမှတ်မိခြင်းနည်းပညာသည် ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရရှေ့နေများကို အထောက်အပံ့ပေးသည့် အစွမ်းထက်နည်းပညာကိရိယာတစ်ခု ဖြစ်လာပါသည်။ မျက်နှာမှတ်မိခြင်းနည်းပညာသည် ကိုယ်ရေးကိုယ်တာအခွင့်အရေးကိုသာမက ဘေးကင်းလုံခြုံမှု

အခွင့်အရေးကိုပါ ထိခိုက်စေပါသည်။ ရာဇဝတ်မှုခင်းတရားစွဲမှုများတွင် အဆိုပါစနစ်များအသုံးပြု၍ သက်သေအဖြစ်အသုံးပြုသည့်အခါ တရားခံများသည် ရင်ဆိုင်ရန် ခက်ခဲလာကြပေသည်။ ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် နည်းပညာဆိုင်ရာကိရိယာများ၏ နည်းပညာရှုပ်ထွေးမှုများသည် ရာဇဝတ်မှုသံသယရှိသူများ၊ စွပ်စွဲခံရသူများနှင့် မျှတသောတရားစီရင်ရေးဆိုင်ရာအခွင့်အရေးများအား ပျက်ပြားစေနိုင်သည့်အတွက် အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရပါသည်။

နည်းပညာလူ့အဖွဲ့အစည်းတွင် မျှတသောတရားစီရင်ရေးဖြစ်စေရန် အသိပညာပေးခြင်း၊ တရားစွဲဆိုခြင်းဖြင့် တရားရုံးများသည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ပါသည်။ ထို့ပြင် စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန်မှာလည်း အရေးကြီးပါသည်။ လက်ရှိတွင် တရားရုံးများသည် လူ့အခွင့်အရေးနှင့် နည်းပညာအသစ်များအကြား ရင်ဆိုင်ကျော်လွှားရန် ခက်ခဲသည့်ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း သိရှိရပါသည်။

ဉာဏ်ရည်တုနည်းပညာ(AI)များကို ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုများတွင် အသုံးပြုသည့်အခါ မူရင်းနည်းပညာစနစ်ကိုထုတ်ဖော်ရန် လိုအပ်လာပါသည်။ အမေရိကန်နိုင်ငံတွင် သတင်းအချက်အလက်နှင့် မူရင်းနည်းပညာစနစ်များသို့ ဆော့ဖ်ဝဲလ်လုပ်ဆောင်သူများကို ဝင်ရောက်ခွင့်ပေးရန် တရားရုံးများက တားမြစ်ထားခဲ့သော်လည်း လတ်တလောတွင် တရားရုံး၏ဆုံးဖြတ်ချက်များသည် ဤကိစ္စရပ်ကိုပြောင်းပြန်ဖြစ်စေခဲ့ပါသည်။ အလိုအလျောက်စနစ်နှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာစိန်ခေါ်မှုများတိုးပွားလာသည်နှင့်အမျှ တရားစီရင်ရေးပညာရှင်များသည် ပေါ်ပေါက်လာသည့် အမှုအခင်းကိစ္စရပ်များမှ သင်ယူလေ့လာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအသစ်များနှင့် အလိုအလျောက်စနစ်များကိုစိန်ခေါ်ရန် ရှေ့နေများအား ပံ့ပိုးကူညီလျက်ရှိသော ဗော့ဝက်ဂန်ဖောင်ဒေးရှင်း (Volkswagen Foundation) မှ ရန်ပုံငွေပံ့ပိုးထားသည့် AFAR စီမံကိန်းသည် တရားစီရင်ရေးနည်းပညာအချက်အလက်စနစ်ကိရိယာအသစ်ကို တီထွင်ခဲ့သည်။ ၎င်းသည် တရားစွဲဆိုမှုများတွင် အလိုအလျောက်ဆုံးဖြတ်ချက်ချခြင်းကို အထူးပြုသည့် ပထမဆုံး လွတ်လပ်စွာရရှိနိုင်သည့် အွန်လိုင်းအရင်းအမြစ်တစ်ခုဖြစ်ပါသည်။

လက်ရှိတွင် နည်းပညာအသစ်များကို အပြိုင်အဆိုင်အသုံးပြုထားသည့် အမှုအခင်းများအား နိုင်ငံတော်အဆင့် ဒေတာဘေ့စ်တစ်ခုတည်းတွင် သိမ်းဆည်းထားပါသည်။ နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာတရားရုံးများ၏စီရင်ချက်၊ ဆုံးဖြတ်ချက်များ သို့မဟုတ် ထင်မြင်ယူဆချက်များလည်း ပါဝင်ပါသည်။

တရားစီရင်ရေးနည်းပညာအချက်အလက်စနစ်သည် နည်းပညာအသစ်များနှင့်လူ့အခွင့်အရေး များဆိုင်ရာကဏ္ဍပေါင်းစုံတွင် လုပ်ကိုင်ဆောင်ရွက်နေသော သုတေသီများ၊ လက်တွေ့လုပ်ကိုင်နေသူ များနှင့် အရပ်ဘက်အဖွဲ့အစည်းများအတွက် အဖိုးတန်အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ AFAR စီမံကိန်း ကိုစိတ်ဝင်စားပါက ဆိုရှယ်မီဒီယာတွင် ထုတ်လွှင့်ထားပြီးဖြစ်သော ဒေတာဘေ့စ်ကိုလေ့လာရန် AFAR ဝဘ်ဆိုဒ်ဖြစ်သော [www.hertie-school.org](http://www.hertie-school.org) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ဖော်ပြ ထားသည်ကို သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: [https://www.fairtrials.org/articles/news/litigation-as-a-tool-to-protect-fair-trial-rights-in-the-age-of-new-technologies/](https://www.fairtrials.org/articles/news/litigation-as-a-tool-to-protect-fair-trial-rights-in-the-age-of-new-technologies/)

## ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေတွင် ပြန်လည်ပြင်ဆင်ထားသော ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းများထည့်သွင်းခြင်းကို ဥရောပကော်မရှင်မှ ကြိုဆိုခြင်း

ဥရောပကော်မရှင်နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုဆိုင်ရာ ဥရောပဘုတ်အဖွဲ့တို့သည် အွန်လိုင်းပေါ်တွင် တရားမဝင်အမုန်းစကားများ ဆန့်ကျင်ခြင်းဆိုင်ရာကျင့်ဝတ်စည်းမျဉ်းများကို ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေ (DSA) တွင် ထည့်သွင်းလိုက်ခြင်းကို ကြိုဆိုခဲ့ပါသည်။ ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသော ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းသည် အဓိကအွန်လိုင်းပလပ်ဖောင်းများတွင် တင်းကျပ်သောကြီးကြပ်မှုကိုအကောင်အထည်ဖော်ခြင်းဖြင့် ဥရောပသမဂ္ဂဥပဒေနှင့်အညီ အွန်လိုင်းဆိုင်ရာအန္တရာယ်ရှိစေသောအကြောင်းအရာများကို တိုက်ဖျက်မှုများကိုမြှင့်တင်ရန် ရည်ရွယ်ပါသည်။

ပြန်လည်ပြင်ဆင်တည်းဖြတ်ထားသော ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းသည် အမုန်းစကားများ၏ပြည်တွင်းခွဲခြားဆက်ဆံခြင်းဖြင့် လတ်တလော နိုင်ငံအဆင့်ဒေတာပျက်စီးခြင်းကဲ့သို့သော အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပြုချက်များကို မီးမောင်းထိုးပြခဲ့ပြီး စောင့်ကြည့်သတင်းပေးပို့သူများကွန်ရက်တစ်ခုဖန်တီးရန်လည်း အဆိုပြုခဲ့ပါသည်။ ၎င်းတို့သည် အမုန်းစကားသတိပေးချက်များကို အဖွဲ့ဝင်နိုင်ငံများက မည်သို့ပြန်လည်သုံးသပ်သည်ကိုစောင့်ကြည့်မည့် လူထုအဖွဲ့အစည်းများဖြစ်ပါသည်။ ပါဝင်သူများသည် စောင့်ကြည့်သတင်းပေးပို့များထံမှရရှိသော အမုန်းစကားသတိပေးချက်များ၏ အနည်းဆုံး သုံးပုံ နှစ်ပုံကို ၂၄ နာရီအတွင်း ပြန်လည်သုံးသပ်ရန်ဖြစ်ပါသည်။

ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေ(DSA)တွင် ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းထည့်သွင်းမှုသည် ဆိုရှယ်မီဒီယာလုံခြုံရေးတွင် အသုံးပြုသူများ၏သိရှိထားမှုများကို ပြောင်းလဲရန် ရည်ရွယ်ပါသည်။ ဆိုရှယ်မီဒီယာကို ထိန်းညှိရန်အတွက် ကမ္ဘာပေါ်တွင် အခြားပြဋ္ဌာန်းထားသည့်ဥပဒေမရှိသောကြောင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေ (DSA)သည် Digital Space ကို ကာကွယ်ရန် အရေးကြီးဆုံးစည်းမျဉ်းဖြစ်သည်ဟုယူဆပါသည်။ သုံးစွဲသူများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာဂုဏ်သိက္ခာများကို သေချာစေရန် လူမှုမီဒီယာကုမ္ပဏီများထံမှအချက်အလက်များကိုထိန်းသိမ်းရန် သို့မဟုတ် တောင်းဆိုရန်အခွင့်အာဏာရှိပါသည်။

ကျင့်ဝတ်စည်းမျဉ်းအသစ်ကိုအကောင်အထည်ဖော်ခြင်းဖြင့် တရားမဝင်သောအကြောင်းအရာနှင့်စနစ်ကျသောအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းခြင်း၏သီးခြားစိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစား၍ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအက်ဥပဒေ (DSA) ၏ အပိုဒ် ၄၅ အရ အွန်လိုင်းကိရိယာများ၏ တိုးတက်မှုများဖြစ်ပေါ်လာမည်ဟု ဥရောပကော်မရှင်က မျှော်လင့်ထားပါသည်။

မူလကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းကို ၂၀၁၆ခု နှစ်တွင်အစပြုပြီး Facebook၊ Microsoft၊ Twitter နှင့် YouTube တို့မှ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်းကို စတင်ဖြစ်ပေါ်စဉ်ကတည်းက လူကြိုက်များသော လူမှုကွန်ရက်အများစုမှ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ Online Platforms သည် ၎င်းတို့၏ဆိုက်များပေါ်ရှိ အန္တရာယ်ရှိသော တရားမဝင်အကြောင်းအရာများ၏ အန္တရာယ်ကိုလျော့ပါးသက်သာစေရန် ၎င်းတို့၏ကတိကဝတ်များကို သရုပ်ပြပါသည်။

ဥရောပကော်မရှင်အတွက် နောက်တစ်ဆင့်မှာ ကျင့်ဝတ်ဆိုင်ရာစည်းမျဉ်း၏ရည်မှန်းချက်များ အောင်မြင်မှုကိုအကဲဖြတ်ရန်ဖြစ်ပါသည်။ ထိုအကဲဖြတ်မှုသည် လက်ရှိစည်းမျဉ်းများနှင့်ပလပ်ဖောင်းများ၏လိုက်နာမှု Platforms’ Compliance ကို စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်းမှ ထွက်ပေါ်လာမည် ဖြစ်ကြောင်း သိရှိရပါသည်။

မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစစ်ဆေးရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/01/european-commission-welcomes-integration-of-revised-code-of-conduct-into-digital-services-act/

## ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း (Trademark Registration) လုပ်ငန်းစဉ်အကြောင်း သိကောင်းစရာများ

ကုန်အမှတ်တံဆိပ်တစ်ခုကို မှတ်ပုံတင်လျှင် မှတ်ပုံတင်သည့်အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်း၊ အခြားသူများက ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်းကို တားဆီးကာကွယ်ပေးခြင်းနှင့် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဉာဏပစ္စည်းမူပိုင်ခွင့်ကိုအလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်အမှတ်တံဆိပ်နှင့်သက်ဆိုင်သည့်အခြေခံဥပဒေမှာ The Law on Marks, Trade Names, and Acts of Unfair Competition ဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် အပြည်ပြည်ဆိုင်ရာကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့် Madrid Protocol ကိုလည်း လက်မှတ်ရေးထိုးထားပါသည်။

မှတ်ပုံတင်နိုင်သော အမှတ်တံဆိပ်များတွင် ကုန်အမှတ်တံဆိပ်များ (traditional trade marks၊ ဝန်ဆောင်မှုအမှတ်တံဆိပ်များ (service marks)၊ စုပေါင်းပိုင်အမှတ်တံဆိပ် (collective marks) နှင့် ကုန်သွယ်မှုအမည်များ(trade names)ပါဝင်ပါသည်။ သို့သော် အချို့သောအမှတ်အသားများ(ဥပမာ-ယေဘုယျအသုံးအနှုန်းများ (generic terms)၊ သရုပ်ဖော်အမှတ်တံဆိပ်များ (descriptive marks) နှင့် အများပြည်သူဆိုင်ရာအမိန့်ကို ချိုးဖောက်သည့်အရာများ (those that violate public order)) ကို မှတ်ပုံတင်၍မရပါ။

ကုန်အမှတ်တံဆိပ်လျှောက်လွှာတင်ခြင်းမပြုမီ စေ့စပ်သေချာစွာ ပြင်ဆင်ရန်လိုအပ်ပါသည်။ မိမိအဆိုပြုထားသည့် ကုန်အမှတ်တံဆိပ်သည် မှတ်ပုံတင်၍ ရနိုင်ခြင်း ရှိ မရှိ၊ လက်ရှိမှတ်ပုံတင်ထားသည့်အမှတ်တံဆိပ်များနှင့် အငြင်းပွားနိုင်မှု ရှိ မရှိ သေချာစေရန် အသေးစိတ်စိစစ် ရှာဖွေမှုများဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဖြစ်နိုင်ချေရှိသောအန္တရာယ်များကို စောစောစီးစီးသိရှိစေနိုင်ပြီး အချိန်ကုန်လူပန်းဖြစ်ရခြင်းများကိုလည်း သက်သာစေမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် ရှေ့နေကိုယ်စားလှယ်လွှဲစာ၊ ပိုင်ဆိုင်ကြောင်း ကြေညာချက်၊ အမှတ်တံဆိပ်နမူနာတစ်ခုနှင့် ဦးစားပေးအခွင့်အရေးတောင်းဆိုပါက သက်ဆိုင်သည့်စာရွက်စာတမ်းများတင်ပြရန် လိုအပ်ပါသည်။ စာရွက်စာတမ်းအားလုံးသည် ခမာဘာသာသို့ ပြန်ဆိုခြင်း သို့မဟုတ် မှန်ကန်ကြောင်းထောက်ခံချက်ပါ ဘာသာပြန်ဆိုခြင်းများ ဖြစ်ရမည်ဖြစ်ပြီး ထိုသို့ တိကျသေချာစွာ ဘာသာပြန်ဆိုမှုများသည် စိစစ်ခြင်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရန်အတွက် အထောက်အပံ့ဖြစ်စေပါသည်။

ကုန်အမှတ်တံဆိပ်လျှောက်လွှာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce) လက်အောက်ရှိ ဉာဏပစ္စည်းမူပိုင်ခွင့်ဌာန(Department of Intellectual Property Rights) သို့ တင်ပြရမည်ဖြစ်ပါသည်။

လျှောက်ထားသူသည် သတ်မှတ်ပုံစံများကို ဖြည့်စွက်ပြီး လိုအပ်သည့်စာရွက်စာတမ်းများနှင့် အတူ ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာတင်သွင်းခအနေဖြင့် ၁၈၀၀၀၀ Riels (US$ ၄၄) ပေးဆောင်ရမည်ဖြစ်သည်။ ဉာဏပစ္စည်းမူပိုင်ခွင့်ဌာနသည် လိုအပ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်သုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသည်။

ထို့နောက် အမှတ်တံဆိပ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ဥပဒေများနှင့်ကိုက်ညီမှု ရှိ မရှိ သေချာ စစ်ဆေးအကဲဖြတ်မည်ဖြစ်ပါသည်။ ကုန်အမှတ်တံဆိပ်ကိုအတည်ပြုပါက အများပြည်သူသိရှိစေရန် အတွက် တရားဝင်ပြန်တမ်းတွင် ကြေညာမည်ဖြစ်ပါသည်။ ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၉၀အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်းမရှိပါက လျှောက်ထားသူသည် မှတ်ပုံတင်ကြေးနှင့်ထုတ်ပြန် ကြေညာခ ၂၈၀၀၀၀ Riel (US$ ၆၇) ပေးဆောင်ရမည်ဖြစ်ပါသည်။ ထို့နောက် လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီး အမှတ်တံဆိပ်အတွက် အခွင့်အရေးများကို ၁၀ နှစ်အထိ ခံစားခွင့် ရရှိမည်ဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်ပိုင်ရှင်သည် ကုန်အမှတ်တံဆိပ်ပယ်ဖျက်ခြင်းမဖြစ်စေရန် အသုံးပြုမှု အထောက်အထားနှင့်အတူ ၁၀ နှစ် တစ်ကြိမ် သက်တမ်းတိုးရန် လိုအပ်ပါသည်။ ထို့အပြင် ပိုင်ဆိုင်မှု၊ လိပ်စာ သို့မဟုတ် လိုင်စင်ဆိုင်ရာပြောင်းလဲမှုများအားလုံးကိုလည်း ဉာဏပစ္စည်းမူပိုင်ခွင့်ဌာနတွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်း၍ တရားမကြောင်းစွဲဆိုခြင်း၊ ရာဇဝတ်ကြောင်းစွဲဆိုခြင်းနှင့် အမှတ်တံဆိပ်အတုများတိုက်ဖျက်ရန်အတွက် အကောက်ခွန်ဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ပါဝင်သည်။

ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်သည် ပုံမှန်အားဖြင့် လျှောက်လွှာတင်သွင်းချိန်မှ လက်မှတ်ထုတ်ပေးချိန်အထိ ၁၂ လမှ ၁၈ လ အထိကြာမြင့်ပါသည်။

အဓိကကုန်ကျစရိတ်များမှာ-

(၁) လျှောက်လွှာကြေး - ၁၈၀,၀၀၀ Riels (US$ ၄၄) (လျှောက်လွှာကြေးတွင် စစ်ဆေးခပါ ပါဝင်ပါသည်။)

(၂) မှတ်ပုံတင်ကြေးနှင့် ထုတ်ပြန်ကြေညာခ - ၂၈၀,၀၀၀ Riels (US$ ၆၇)

(၃) အခြားကုန်ကျစရိတ်များ -သတ်မှတ်ထားသောလိုအပ်ချက်များအပေါ် မူတည်၍ ဘာသာပြန်ခြင်းနှင့်ကိုယ်စားလှယ်ခများဖြစ်ပါကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.aseanbriefing.com/news/trademark-registration-in-cambodia-a-complete-step-by-step-guide/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

